# ပုန်ကန်ထကြွခြင်း၏အသီးအပွင့်

YRC
NO. 19



**အလွတ်ကျမ်းချက်။ ။ ရှင်မဿဲခရစ်ဝင် ၂၃း၃၇**
**“အိုယေရုရှလင်မြို့ ယေရုရှလင်မြို့ သင်သည် ပရောဖက်တို့ကို သတ်မြဲရှိ၏။ သင်ရှိရာသို့ စေလွှတ်သော သူတို့ကိုလည်း ကျောက်ခဲနှင့် ပစ်မြဲရှိ၏။ ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှါ ကြိမ်ဖန်များစွာ ငါအလိုရှိပြီ။ သင်မူကား အလိုမရှိ။”**



## တနင်္ဂနွေနေ့ | ဝမ်းနည်းဖွယ်သတိပေးချက် ၁

ဘုရားသခင်အကြောင်းနှင့်ပတ်သတ်၍ အံ့သြဖွယ်ကောင်းသည့်အရာတစ်ခုမှာ၊ သူသည် ဘယ်သောအခါမှ အံ့အားသင့်စရာ မဟုတ်သောသူဖြစ်သည်။ သူ့မှာ ဘာပြဿနာအခက်ခဲမှ မရှိပေ။ “အို့၊ ထိုအကြောင်းကို ငါမစဥ်းစားမိခဲ့ဘူး” ဟု ဘယ်တော့မှ မပြောပါ။ လူတို့ရွေးချယ်သောရွေးချယ်မှုများနှင့် သူတို့ပြုလုပ်သည့် ကောင်း၊ မကောင်းနှစ်ခုစလုံးပင် သူ့ကို မအံ့အားစေနိုင်ပါ။ အကြောင်းမှာ သူသည် “အစဦးမှ အဆုံးထိ” မြင်နိုင်သောကြောင့်ဖြစ်သည်။ ဤအရာသည် ဘာကိုဆိုလိုပါသနည်း။ ၎င်းဆိုလိုသည်မှာ အရာတစ်ခု၏အစဦးဆုံးမှစ၍ ဘုရားသခင်သည် ၎င်း၏အဆုံးကို ကြိုတင်သိမြင်နိုင်ပြီး၊ အဘယ်ကဲ့သို့ဖြစ်ပျက်မည်ကို တိကျစွာသိသည်။

ဘုရားသခင်သည် အနာဂတ်ကို ကြိုးစားဟောပြောခြင်းနှင့်ပတ်သတ်၍ အခြားမှားယွင်းသောဘုရားများကို စိန်ခေါ်ခဲ့သည်။ သို့သော်သူတို့ မလုပ်နိုင်ပေ။ ဘုရားသခင်တစ်ပါးတည်းသာလျှင် အနာဂတ် အပြည့်အစုံသိ၏။ ဟေရှာယအနာဂတ္တိကျမ်း ၄၂း၈၊ ၉၊ ၄၆း၉၊ ၁၀။

လွန်ခဲ့သောအပတ်သင်ခန်းစာ၌ ယေရှုသည် နောက်ဆုံးအချိန် ဗိမာန်တော်မှ ထွက်သွားပြီးနောက် တပည့်တော်များနှင့်အတူ ယေရှု၏မိန့်ကြားချက်အကြောင်းကို သင်ကြားခဲ့ပြီးဖြစ်သည်။ တပည့်တော်တို့အား သူမိန့်တော်မူခဲ့သောသူ၏စကားများကို ဧဝံဂေလိကျမ်း (၄) ကျမ်းများမှ (၃) ကျမ်းဖြစ်သည့် ရှင်မဿဲခရစ်ဝင် ၂၄၊ ရှင်မာကုခရစ်ဝင် ၁၃ နှင့် ရှင်လုကာခရစ်ဝင် ၂၁ တို့၌ မှတ်တမ်းတင်ထားပါသည်။ ဗိမာန်တော်သည် ဖျက်ဆီးခံရမည်ဟူသော အတွေးသည် တပည့်တော်တို့အား လုံးဝအံ့အားသင့်စေသောအရာကဲ့သို့ ဖြစ်လာခဲ့သည်။ သူတို့သည် သခင်ယေရှုမိန့်တော်မူချက်များကို အံ့သြခဲ့ကြ၍၊ နားထောင်ခဲ့၏။ သို့သော် ဤအရာသည် အနာဂတ်အကြောင်းနှင့်ပတ်သတ်၍ ယေရှုမိန့်တော်မူခဲ့သည်မှာ ပထမအကြိမ်မဟုတ်တော့ပေ။ ထိုနေ့မတိုင်မီ လွန်ခဲ့သောရက်အနည်းငယ်၌၊ ယေရှုသည် ယေရုရှလင်မြို့အား ဝမ်းနည်းဖွယ်သတိပေးခြင်းတစ်ခုကို ပေးခဲ့ပြီးဖြစ်သည်။ ရှင်လုကာခရစ်ဝင် ၁၉း၄၁-၄၄။

ဖြစ်ပျက်လာမည့်အရာများကို တပည့်တော်များအားပြောပြရန် ယေရှုသည် အဘယ်ကြောင့် ဤမျှကြာကြာစောင့်ခဲ့ရသနည်း။ သူသည် ထိုအချိန်မတိုင်ခင် လွန်ခဲ့သောအချိန်ကတည်းက သူတို့ကို အဘယ်ကြောင့် သတိမပေးခဲ့သနည်း။ အဘယ်ကြောင့်ဆိုသော် မြို့ဖျက်ဆီးခံရမည့် အကြောင်းကို မထင်ခဲ့ကြသောကြောင့် ဖြစ်သည်။ ထိုအရာသည် မဖြစ်ပျက်ခဲ့ဘူးလား။ ယေရှုသည် မိမိလူများကို ချစ်တော်မူသည်၊ သူတို့ကိုတတ်နိုင်သမျှကာလပတ်လုံး နောင်တရရန် သူ စောင့်ဆိုင်းခဲ့သည်။ ကိုယ်တော်ကို ယုံကြည်ရန်၊ လက်ခံရန်နှင့် ရွေးချယ်ရန် ဖြစ်နိုင်သော အခွင့်အရေးတိုင်းကို သူတို့အား ပေးခဲ့သည်။ သူသည် ယဇ်ပုရောဟိတ်အကြီးနှင့် အကြီးအကဲများမှစ၍ ကျမ်းပြုဆရာနှင့် ဖာရိရှဲများ၊ ယုဒလူအပေါင်းတို့သည် မိမိတို့၏အပြစ်များမှ ပြန်လှည့်လာရန် မျှော်လင့်စောင့်နေခဲ့၏။ ရှင်မဿဲခရစ်ဝင် ၂၃း၃၇။

သို့သော် သူတို့သည် သခင်ယေရှုကိုငြင်းပယ်ရန်နောက်ဆုံး ဆုံးဖြတ်ချက်ကိုချပြီးနောက်၊ ဖြစ်ပျက်မည့်အရာများကို ယေရှုက သူတို့အား ဝမ်းနည်းစွာမိန့်တော်မူခဲ့သည်။ အငယ် ၃၈။

**လက်တွေ့ကျင့်သုံးရန်။** ဤသည် ကျွန်ုပ်တို့အတွက်လည်း သင်ခန်းစာတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့ထဲမှ အဘယ်သူမျှ ဘုရားသခင်ထံမှ ဝေးကွာရန်၊ ပျောက်ဆုံးရန် အလိုမရှိကြချေ။ ယေရှုသည် ကျွန်ုပ်တို့အား သူ့နောက်တော်သို့လိုက်ရန် တက်နိုင်သမျှ အားပေးခဲ့ရာတွင် အရာအားလုံးကို လုပ်ဆောင်ခဲ့သည်။ သို့သော် သူ့စကားကိုနားထောင်ရန် ကျွန်ုပ်တို့အား အတင်းအကျပ်မပြုလုပ်ပေ။။ ကျွန်ုပ်တို့ဆန္ဒအတိုင်း ရွေးချယ်ဖို့ရန် ဖြစ်သည်။

## တနင်္လာနေ့ | ညှဥ်းပန်းနှိပ်စက်ခြင်းကို ရောမမြို့မှ အစပြုသည် ၂

ဗိမာန်တော်၏ပျက်စီးခြင်း (လုံးလုံးလျားလျားဖျက်ဆီးခြင်း) ကို ယေရှုကြိုတင်ဟောကြားပြီး အနှစ် ၄၀ နီးပါးကြာသောအခါ ၎င်းသည် အမှန်တကယ်ဖြစ်ပျက်ခဲ့၏။ ဤနှစ် (အေဒီ ၃၁ မှ အေဒီ ၇၀) သည် ဘုရားသခင်၏လူများအတွက် အောင်ပွဲများနှင့် ဝမ်းနည်းပူဆွေးမှုများဖြင့် ပြည့်နှက်နေခဲ့၏။ ယေရှု၏နောက်လိုက်များစွာတို့သည် သူတို့၏ယုံကြည်ခြင်းကြောင့် အသတ်ခံခဲ့ကြရသော်လည်း သူတို့၏ သာသနာပြုလုပ်ငန်းသည် ဧဝံဂေလိတရားကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ကြ၏။ သခင်ယေရှုကို ငြင်းပယ်ခဲ့ကြသော ယုဒခေါင်းဆောင်များက အသစ်သော သို့မဟုတ် နုနယ်သော ခရစ်ယာန်အသင်းတော်အား နှိပ်စက်ညှဥ်းပန်းမှု စတင်ခဲ့သည်။ သက်သာလောနိတ်သြဝါဒစာ ပဌမစောင် ၂း၁၄-၁၆။



နောက်ဆုံး ၌ နောက်ဆုံးမြို့ရိုးတံတိုင်းသည်လည်း ကျိုးပဲ့ဖြိုခွဲခြင်းခံရလေ၏။ ထောင်နှင့်ချီသော အစာငတ်ဘေးကြုံရသော၊ အပူတပြင်းဖြစ်သော ယုဒလူမျိုးများသည် ဘုရားသခင်၏ကာကွယ်မှုကို မျှော်လင့်လျက် ဗိမာန်တော်၌ စုဝေးလာခဲ့ကြ၏။ သို့သော် သူတို့၏ တစ်ဦးတည်းသော ကာကွယ်ပေးပိုင်ရှင်ဖြစ်သော သခင်ယေရှုကို သူတို့ ငြင်းပယ်ခဲ့ခြင်းအတွက် သူတို့အားကာကွယ်ဖို့ရန် ထိုနေရာ၌ အဘယ်သူမျှမရှိခဲ့ချေ။ တစ်ချိန်ကမြင့်မြတ်သော အဆောက်အဦးကို မီးတောက်လောင်ကျွမ်းခဲ့သည်နှင့်အမျှ၊ ရောမစစ်သားများသည် ရွှေတန်ဆာများနှင့် မီးတိုင်ခုနှစ်ဖျာရှိသော မီးခုံတိုင်များကို သယ်ယူသွားလေ၏။ သို့သော် ပဋိညာဥ်သေတ္တာတော်သည် ထိုနေရာ၌ မရှိခဲ့ချေ။ ၎င်းကို သစ္စာရှိသောလူများသည် ယေရုရှလင်မြို့ကို ဗာဗုလုန်က မဖျက်စီးမီ နှစ်ပေါင်းခြောက်ရာကျော်ကတည်းက ဖုံးကွယ်ထားသောကြောင့်ဖြစ်သည်။



ရောမစစ်တပ်သည် ထောင်နှင့်ချီသောကျွန်များနှင့် များစွာသော ရွှေများကို ရောမသို့ ယူဆောင်သွားလေ၏။ ထိုနှစ်ခုစလုံးကို ကျော်ကြားထင်ရှားသော ကိုလီယွမ်တည်ဆောက်ရေးတွင် အသုံးပြုခဲ့လေ၏။ ထိုနေရာတွင် နှစ်အနည်းငယ်အတွင်း၌ ထောင်ပေါင်းများစွာသော ခရစ်ယာန်များသည် သူတို့၏ယုံကြည်ခြင်းအတွက် (အသေသတ်ခံ) မာတုရဖြစ်ခဲ့ရ၏။ မီးတိုင်ကို ထွင်းထားသည့် ကျောက်ကို၊ သူ၏အောင်မြင်မှုအား ဂုဏ်ပြုသည့်အနေဖြင့် တိတု၏ကဗျည်းပေါ် ရောမမြို့၌ ယခုတွင်လည်း တွေ့နိုင်ပါသည်။

**လက်တွေ့ကျင့်သုံးရန်။** ယေရုရှလင်မြို့ကို ကာကွယ်မည့် တစ်ခုတည်းအရာမှာ အဘယ်နည်း။ ဆာလံကျမ်း ၁၂၇း၁။ သခင်ယေရှု၏ တပည့်တော်တို့သည် ရောမလူမျိုးများကို အဘယ်ကြောင့် မတိုက်ခိုက်ခဲ့သနည်း။ ရှင်ယောဟန်ခရစ်ဝင် ၁၈း၃၆။

## သောကြာနေ့ | ညှဥ်းပန်းနှိပ်စက်ခြင်း ၆

ယေရုရှလင်မြို့ဖျက်ဆီးခံရခြင်းသည် ခရစ်ယာန်များအား ရောမ၏ညှဥ်းပန်းနှိပ်စက်မှုကို သို့မဟုတ် ယုဒလူမျိုးများ၏ဖိနှိပ်ခြင်းများကို အဆုံးမသတ်ခဲ့ပါ။ ခေါင်းမာမာဖြင့်၊ ယုဒပြည်၌ရှိ ယုဒလူမျိုးများသည် ရောမကို နောက်ထပ်နှစ်ကြိမ် တိုင်တိုင်၊ အေဒီ ၁၁၅ နှင့် အေဒီ ၁၃၂ တွင် ပုန်ကန်ဆန့်ကျင်ခဲ့၏။ သူတို့သည် နှစ်ကြိမ်စလုံးတွင် ရှုံးနိမ့်ခဲ့၏။

သို့သော် ခရစ်ယာန်များက ငြိမ်းချမ်းရေးသည် ဘုရားသခင် ၏ ပညတ်တော်ကို ချိုးဖောက်ရန် မတောင်းဆိုသရွေ့ ထိုငြိမ်းချမ်းရေးကို ရှာဖွေခဲ့ကြ၏။ ခရစ်ယာန်များကို ဘာလုပ်ဆောင်ဖို့ရန် ပြောထားခဲ့သနည်း။ တိမောသေသြဝါဒစာ ပဌမစောင် ၂း၁-၃။



ရောမတို့သည် ခရစ်ယာန်ဘာသာကို တားမြစ်သည်။ သို့သော် အာဏာပိုင်များနှင့် ဧကရာဇ်မင်းများပင် ခရစ်ယာန်များအား ညှဥ်းပန်းနှိပ်စက်ရန် ထက်ဝက်ခန့်သာ စိတ်အားထက်သန်ခဲ့ကြ၏။ အမှန်မှာ၊ ခရစ်ယာန်များယုံကြည်ခြင်းသည် သူတို့အတွက် အမှန်တကယ် အန္တရာယ်မရှိပေ။ အစိုးရကို အနှောင့်အယှက်ပေးသောအရာတစ်ခုမှာ ခရစ်ယာန်များသည် အယူမှားနတ်ဘုရားများကို မကိုးကွယ်ကြခြင်းဖြစ်သည်။ လူမျိုးနွယ်စုများစွာတို့သည် ရောမအင်ပါယာတွင် နတ်ဘုရားအမျိုးမျိုးကို ကိုးကွယ်ခဲ့ကြသော်လည်း၊ သူတို့အားလုံးသည် ရောမဧကရာဇ်မင်းကိုလည်း ကိုးကွယ်ခဲ့ကြ၏။ ထိုတစ်ဖက်မှ ခရစ်ယာန်များအား ဧကရာဇ်မင်းအတွက် ဆုတောင်းပေးလိုသော်လည်း ဆုတောင်းပေးဖို့ရန် ငြင်းပယ်ခံခဲ့ရ၏။

အေဒီ ၁၉၇ တွင် တာတူလျန် (Tertullian) အမည်ရှိသော ခရစ်ယာန်တစ်ဦးသည် ခရစ်ယာန်ဘာသာကိုကာကွယ်ပေးခဲ့၏။ ခရစ်ယန်များသည် ဥပဒေချိုးဖောက်သူများအဖြစ်သတ်မှတ်ခံခဲ့ရသည်။ သို့သော် သူသည် ရောမများအား ခရစ်ယာန်များက အခြား ရာဇဝတ်သားများနှင့် မတူကြောင်း ထောက်ပြခဲ့၏။ အစိုးရသည်ပင် သူတို့ကို ကွဲပြားခြားနားစွာ ဆက်ဆံခဲ့၏။ တာတူလျန်သည် မှန်ကန်သောရာဇဝတ်ကောင်များကို စာရင်းပြုပြီး၊ သူတို့ပြုလုပ်ခဲ့သော မှားယွင်းသောအရာများကို ဝန်ချတောင်းပန်ရန်အတွက် အနီးရောင်လိမ်းထားခဲ့၏။ သို့သော် ခရစ်ယာန်များနှင့်အတူ၊ အာဏာပိုင်များက သူတို့၏ယုံကြည်ချက်များ ဝန်ခံခြင်းကို ရပ်တန့်ရန် နှိပ်စက် ညှဥ်းပန်းမှုကို အ သုံးပြုခဲ့လေ၏။

သူ၏ နိဂုံးချုပ်ညွှန်ကြားချက် အနေဖြင့် တာတူလျန်က ညှဥ်းပန်းနှိပ်စက်မှုသည် လုံးဝအကြောင်းမဲ့ဖြစ်ကြောင်း ထောက်ပြခဲ့၏။ ခရစ်ယာန်တစ်ဦးသည် နေ့စဥ်နေ့တိုင်း ညှဥ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ကွက်မျက်ခြင်းခံရ၏။ များစွာသောသူများက ထိုအဖြစ်ကို မျက်မြင်ကိုယ်တွေ့ တွေ့ကြုံ၍ သက်သေခံကြပြီး၊ ခရစ်ယာန်များဖြစ်လာရန် ဆုံးဖြတ်ခဲ့ကြလေ၏။ သူက “ခရစ်ယာန်များ ၏ အသွေးသည် မျိုးစေ့ဖြစ်လာ၏” ဟု ပြောဆိုခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** တစ်စုံတစ်ယောက်က သင်၏ယုံကြည်ချက်များကို ရယ်မောပျက်ရယ်ပြုသောအခါ၊ သင်သည် အဘယ်သို့ တုန့်ပြန်မည်နည်း။ သင်သည် သခင်ယေရှုကို ငြင်းပယ်မလား၊ သို့မဟုတ် သူ့ကို ဝန်ခံဖွင့်ပြောမလား။ ရှင်မဿဲခရစ်ဝင် ၁၀:၃၂၊ ၃၃။

© ၂၀၂၃ - My Bible First

သို့သော် ညှဉ်းပန်းနှိပ်စက်မှုသည် ခရစ်ယာန်များကို မတားဆီးနိုင်ခဲ့ချေ၊ အမှန်မှာ ၎င်းသည် ဧဝံဂေလိသတင်းကို သာ၍ကျယ်ပြန့်စေရန် အကူအညီဖြစ်ခဲ့၏။ တာရှုမြို့သားရှောလု၏ကြီးမားသောသာသနာခရီးအကြောင်းကို ကျွန်ုပ်တို့လေ့လာခဲ့ပြီးဖြစ်သည်။ ပထမတွင် သူသည် ခရစ်ယာန်အသင်းတော်ကို ဖျက်ဆီးဖို့ရန် ဆုံးဖြတ်ချက်ချသူဖြစ်သည်။ သို့သော် မကြာမီတွင် တမန်တော်ပေါလု ဖြစ်လာခဲ့၏။ သူသည် ဓမ္မသစ်ကျမ်းထဲ၌ တစ်ဆယ့်လေးအုပ်တိတိ ရေးသားခဲ့၏။

များမကြာမီတွင် ဘုရားမယုံကြည်သော၊ အယူမှားကိုးကွယ်သော ရောမဧကရာဇ်သည်လည်း ခရစ်ယာန်များနှင့် သူတို့၏ "ဘာသာတရားအသစ်" ကို ဆန့်ကျင်ခဲ့၏။ ခရစ်ယာန်များသည် အယူမှားဘုရားများကို မကိုးကွယ်ကြဘဲ၊ ထိုခေတ်တွင်ရှိသော ရိုးရာဓလေ့ထုံးစံအချို့၌လည်း ပါဝင်ရန်ငြင်းဆန်သောကြောင့် သူတို့အပေါ် သံသယများ ပေါ်ပေါက်လာလေ၏။

ရောမမြို့တစ်ဝက်နီးပါးကို ထိုကြောက်မက်ဖွယ်သောမီး ဖျက်ဆီးခဲ့ပြီးနောက်၊ မြို့သူမြို့သားများသည် ဧကရာဇ်နီရိုးကို အပြစ်တင်ခဲ့ပြီးဖြစ်သည်။ နီရိုးသည် ခရစ်ယာန်များကို မုန်းတီးလာခဲ့၏။ ထိုမီးအတွက်လည်း သူသည် ခရစ်ယာန်များကို အပြစ်ပုံချခဲ့သည်။ မှန်ပါသည်၊ သူတို့ (ခရစ်ယာန်များ) မှာ အပြစ်မကျူးလွန်ခဲ့ပါ။ သို့သော် နီရိုးသည် မိမိကိုယ်ကို ထိုအပြစ်တင်ခြင်းမှ ကင်းဝေးစေလိုသောကြောင့်သာ ဖြစ်သည်။ ထို့နောက် ကြောက်စရာကောင်းသောညှဉ်းပန်းနှိပ်စက်ခြင်းသည် လိုက်လာလေ၏။ ပေတရုနှင့်ပေါလုတို့ အပါအဝင်ထောင်ပေါင်းများစွာသော ခရစ်ယာန်များသည် မိမိတို့၏အသက်များကို ဆုံးရှုံးခဲ့ရကြလေတော့၏။

ပေါလု၏သေခြင်းပြီးသည်နှင့်၊ သမ္မာကျမ်းစာသည် ရှေးဦးခရစ်ယာန်အသင်းတော်အကြောင်းကို မှတ်တမ်းတင်ခြင်းဖြင့် အဆုံးသတ်သွားသည်။ သို့သော် ထူးမြတ်သောသမိုင်းသည် အဆုံးသတ်မသွားပါ။ သခင်ယေရှုသည် ထိုညှဉ်းပန်းနှိပ်စက်မှုအကြားမှ တပည့်တော်တို့အား အဘယ်ကြီးမြတ်သောလုပ်ငန်းကိုလုပ်ဆောင်ရန် မိန့်တော်မူခဲ့သနည်း။ သူသည် မည်သည့် ကတိတော်များကို ပေးခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၂၈း၁၉၊ ၂၀။



ဒံယေလနှင့် ဗျာဒိတ်ကျမ်းတို့မှ ပရောဖက်ပြုချက်များသည် ရာစုနှစ်အသီးသီးများ၌ရှိသောအသင်းတော်ကို ဤကြီးမားအမွန်မြတ်ဆုံးသောလုပ်ငန်းတာဝန်ကို အဘယ်သို့ထမ်းဆောင်ရမည်၊ ပြည့်စုံလာမည်ကို နားလည်သိရှိရန် ကူညီပေးနေသည်။

**လက်တွေ့ကျင့်သုံးရန်။** နှိပ်စက်ညှဉ်းပန်းခံရသည့် ရှေးဦးခရစ်ယာန်များနည်းတူ၊ သင်၏အသက်တာကို ပြောင်းလဲပြီး ဘုရားသခင်နှင့် ပို၍နီးကပ်စွာလိုက်လျှောက်မည်ကိုဆိုလျှင် ဘာဖြစ်မည်နည်း။ အဘယ်သူသည် သင့်အား အခက်အခဲပေးမည်ဟု ထင်သနည်း။ သင်နှင့် အတူအမှားများကို ဆက်လက်လုပ်လိုသော "မိတ်ဆွေသူငယ်ချင်းများ" ဖြစ်နိုင်ပါသည်။ အခြားသူများကို သင့်၏ယေရှုအပေါ် သစ္စာစောင့်သိခြင်းမှ ဝေးကွာစေရန် သင့် ခွင့်ပြုသင့်သလား။

## အင်္ဂါနေ့ ၊ လွတ်ငြိမ်းခြင်းအတွက် တိုက်ပွဲဝင်ခြင်း ၃

သခင်ယေရှုနှင့်သူ့နောက်လိုက်များကို ငြင်းပယ်၊ နှိပ်စက်ညှဉ်းပန်းခဲ့သော ထိုခေါင်းဆောင်များမည်သို့ဖြစ်သွားသည်ကို သင်စဉ်းစားဖူးပါသလား။ ဟေရုဒ်မင်းကို ရုတ်တရက် မပျောက်နိုင်သောရောဂါဖြင့် ကောင်းကင်တမန်တပါးက တိုက်ခိုက်ခဲ့သည် (တမန်တော်ဝတ္ထု ၁၂း၂၃)၊ ပိလတ်မင်းသည် မိမိကိုယ်ကိုသေကြောင်းကြံ၍ သေခဲ့သည်။ ကျွန်ုပ်တို့သည် ကြဲသည့်အတိုင်း ရိတ်ရလိမ့်မည်ဟု သမ္မာကျမ်းစာက သင်ကြားပေးသည်။ ဂလာတိသြဝါဒစာ ၆း၇။



ဣသရေလခေါင်းဆောင် များသည် ယေရှုနှင့်သူ၏ဧဝံဂေလိတရားကို ငြင်းပယ်ခြင်းအားဖြင့် သူတို့၏နှလုံးကို ခိုင်မာစေသောအခါ၊ သူတို့သည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပုန်ကန် ထကြွသောသြဇာလွှမ်းမိုးမှု ပျံ့နှံ့သွားခဲ့သည်။ သူတို့သည် မကောင်းမှုကို လုပ်နိုင်သည်၊ အပြစ်မဲ့သူများကိုတောင် သတ်ပစ်နိုင်သည်ကို လူများတို့ကမြင်ခဲ့ရ၏။

ယုဒလူမျိုးများသည် ကမ္ဘာတစ်လွှားတွင် ပြဿနာများဖြစ်ပေါ်စေသောသူများအဖြစ် လူသိများလာခဲ့လေ၏။ ဤအကြောင်းကြောင့် ရောမဧကရာဇ်ကလောဒီးယပ်စ်သည် ရောမမြို့၌ရှိသော ယုဒလူမျိုးများကို ဘာလုပ်ဆောင်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၁၈း၂။

ယေရုရှလင်၌ လူများတို့သည် ပို၍ပို၍ပုန်ကန်ထကြွလာခဲ့ကြ၏။ လုယက်မှုနှင့် လူသတ်မှုသည် ထိတ်လန့်တုန်လှုပ်စရာ များပြားလာပြီး၊ ကလေးများသည် သူတို့၏မိဘများကိုပင် သတ်ဖြတ်ခဲ့ကြ၏။ ယဇ်ပုရောဟိတ်များနှင့် ယဇ်ပုရောဟိတ်မင်းတို့လည်း အသတ်ခံခဲ့ရလေ၏။ မိမိကိုယ်ကို မေရှိယဟု အဆိုပြုသူများသည် ရောမလူမျိုးများအားတိုက်ခိုက်ခဲ့ကြပြီး၊ ယေရုရှလင်သည် နေထိုင်ရန် အလွန်အန္တရာယ်များသောနေရာတစ်ခု ဖြစ်လာခဲ့၏။

ယေရှုနှင့်တမန်တော်များကိုသတ်သော သူတို့၏သားသမီးများကြီးပြင်းလာသည်နှင့်အမျှ သူတို့သည် သူတို့အသက်များအတွက် ကြောက်ရွံ့လာခဲ့ကြ၏။ ထိုသူတို့သည် လူများအား မိမိတို့ကိုကာကွယ်ဖို့ရန် ငှားရမ်းသောသူများဖြစ်သည့် "သူတို့၏ကာကွယ်သူများ" က သူတို့အား တစ်ခါတစ်ရံ သတ်ဖြတ်ခဲ့၏။ ထို့ကြောင့် ယေရုရှလင်မြို့၏ကံကြမ္မာကို ယေရှုမြင်သောအခါ မျက်ရည်ကျခဲ့သည်မှာ ကျွန်ုပ်တို့အတွက် အံ့သြစရာမဟုတ်ပေ။

ရောမလူမျိုးများအပေါ် ယုဒလူမျိုးများ၏ဒေါသအမျက်သည် ပို၍ တိုးပွားလာခဲ့၏။ အချိန်တန်သော်၊ ယေရုရှလင်ရှိ ရဲရင့်သော ယုဒလူမျိုးပုန်ကန်သူအုပ်စုတစ်စုသည် ထိုမြို့ရှိသော ရောမစစ်သားအားလုံးကို တိုက်ခိုက်သတ်ဖြတ်ခဲ့၏။ ၎င်းလုပ်ရပ်သည် အလွန်မိုက်မဲခဲ့သည်။ ရောမသည်ယုဒလူမျိုးများကို စစ်ကြေငြာခဲ့ပြီး ထောင်ပေါင်းများစွာသော စစ်သားများကို ထိုပုန်ကန်မှုအား ရပ်တန့်စေရန် စေလွှတ်ခဲ့လေ၏။

**လက်တွေ့ကျင့်သုံးရန်။** သင်သည် အမှားကျူးလွန်မိလျှင် ဘာမှမလုပ်နိုင်တော့ချေ သို့မဟုတ် အဝေးသို့ မပြေးနိုင်တော့ချေ။ အကယ်၍သင်သည် ရှောင်ပြေးသည်တိုင်အောင်၊ သင်လုပ်သမျှအရာအားလုံးသည် အဘယ်ကဲ့သို့ဖြစ်လာလိမ့်မည်နည်း။ ဒေသနာကျမ်း ၁၂း၁၄။

## ဗုဒ္ဓဟူးနေ့ ၊ ရောမနှင့် စစ်ပွဲဖြစ်ခြင်း ၄

ရောမနှင့်စစ်ဖြစ်ခြင်းသည် နှစ်ပေါင်းများစွာကြာမြင့်ခဲ့၍ နှစ်ဖက်စလုံး၌ စစ်ပွဲကြောင်းသေကျေ၊ ဒဏ်ရာရသူ ထောင်ပေါင်းများစွာရှိခဲ့လေ၏။ ထိုသေကျေခြင်း၊ ဒဏ်ရာရခြင်းများတွင် ရောမလူမျိုးများနှင့် ယုဒလူမျိုးများ နှစ်မျိုးစလုံးမှ များစွာသောစစ်သူကြီးများနှင့် ရဲစွမ်းသတ္တိရှိသောစစ်သူရဲများ ပါဝင်ကြောင်းကို ကမ္ဘာကပြောလိမ့်ဖြစ်သည်။ သို့သော် သူတို့သည် လူကောင်းများဖြစ်မည်လား။ သူတို့သည် မည်သူ့ကိုမဆို ကူညီမည့်နည်းဖြင့်သာ အသက်ရှင်နေထိုင်ခဲ့ကြသလား။ သို့တည်းမဟုတ် သူတို့သည် ထိုစစ်တိုက်ခိုက်ရေးကိုသာ အာရုံစိုက်နေကြပြီး၊ အမုန်းတရားများနှင့် ဒေါသအမျက်များဖြင့်သာ အလွန်ပြည့်နှက်နေပါသလား။ ထိုကဲ့သို့သောသူများအကြောင်းနှင့်ပတ်သတ်၍ သုတ္တံကျမ်းက မည်သို့ ပြောထားသနည်း။ သုတ္တံကျမ်း ၂၂း၂၄၊ ၂၅။

ရောမစစ်တပ်သည် ယေရုရှလင်မြို့ကို ဝန်းရံခဲ့ပြီး၊ ထို့နောက် ခဏချင်းတွင် ပြန်ဆုတ်ခွာသွားသောအခါ၊ ခရစ်ယာန်များသည် သခင်ယေရှု၏ညွှန်ကြားချက်များကို အောက်မေ့ခဲ့ကြ၏။ သူတို့သည် မြို့ထဲမှ ချက်ချင်းထွက်သွားခဲ့ကြပြီး၊ သူတို့ထဲမှ အများတို့သည် ယေရုရှလင်မြို့၏အရှေ့တောင်ဘက်တွင်ရှိသော ရှုရိပြည်ရှိ ပါလာမြို့သို့ ပြောင်းရွှေ့သွားကြလေ၏။ သခင်ယေရှုရှင်ပြန်ထမြောက်ပြီးနောက် နှစ်ပေါင်း ၄၀ ခန့်တွင် ခရစ်ယာန်များသည် အဘယ်ဆုတောင်းချက်ကို ဆုတောင်းနေခဲ့ကြသနည်း။ ရှင်မဿဲခရစ်ဝင် ၂၄း ၂၀။ ဤဆုတောင်းချက်သည် ဥပုသ်နေ့၏ အရေးကြီးပုံကို သတိရစေရန် သူတို့အား ကူညီပေးခဲ့ကြောင်း သင်ထင်ပါသလား။



မကြာမီ၊ ရောမစစ်တပ်သည် ပြန်လာခဲ့၏။ တဖန် ယေရုရှလင်မြို့ကို ဝန်းရံပြီး၊ ဤအချိန် သိန်းပေါင်းများစွာသော ယုဒလူမျိုးများသည် ပဿခါပွဲအတွက် ထိုနေရာသို့ ရောက်ရှိခဲ့ကြ၏။

ထိုအချိန်သည် ဘေး ကျပ်နံကျပ်ကာလ၊ သေရေးရှင်ရေးကာလ ဖြစ်သော်ငြားလည်း၊ ယေရုရှလင်မြို့၌ရှိသော ယုဒလူမျိုးများသည် သူတို့ လုပ်သင့်လုပ်ထိုက်သည့်အရာများကို လုပ်ဆောင်ရန် စည်းလုံးခြင်းမရှိခဲ့ကြချေ။ သူတို့သည် စည်းလုံးညီညွတ်သည့်အင်အားစုဖြင့် ရောမလူမျိုးများကို ချက်ချင်းတိုက်ခိုက်ခဲ့သင့်သည်။ အဘယ်သို့ပင်ဖြစ်စေကာမူ၊ ထိုမြို့၌ရှိသော လက်နက်ကိုင်အုပ်စုများသည် ရောမလူမျိုးများကိုတိုက်ခိုက်ခြင်းမှ ပြန်လာကြသောအခါ၊ မြို့ဝင်ဂိတ်ကိုဖွင့်ရန် တစ်ဦးပေါ်တစ်ဦး ယုံကြည်ကိုးစားခြင်းမရှိကြတော့သောကြောင့် ဤအရာကို သူတို့ မလုပ်ဆောင်ခဲ့ကြတော့ချေ။

ယေရုရှလင်မြို့သည် သုံးဘက်ပတ်လတ်၌ချောင်းကမ်းပါးများသို့မဟုတ် ချိုင့်ဝှမ်းများဖြင့် မတ်စောက်သောချောက်ကမ်းပါးများ ရှိသောကြောင့် ကောင်းသောအခြေအနေ၌ ရှိနေခဲ့သေး၏။ ရောမစစ်တပ်သည် မြောက်ဘက်မှသာ မြို့ရိုးသို့ ချဉ်းကပ်နိုင်ခဲ့၏။ ထိုအချက်သည် သူတို့လုပ်ဆောင်နိုင်ခဲ့သည့် တိကျသောအချက်ဖြစ်၏။ ရက်စက်ကြမ်းကြုတ်သောတိုက်ပွဲများကြောင့် အပြင်ဘက်မြို့ရိုးသည် ၁၅ ရက်အတွင်း ပျက်ကျခဲ့၏။ ယခုအခါ၊ ရောမလူမျိုးများသည် ဘီဇက်သာ (Bezetha) ဟု သိကြသည့်ဒေသကို သိမ်းပိုက်လေ၏။ သို့သော် ယေရုရှလင်မြို့၏မြို့ဟောင်းများသို့ ဝင်ရောက်ခွင့်ကို ပိတ်ဆို့ထားသည့် နောက်ထပ်ကြီးမားသောမြို့ရိုးတစ်ခုနှင့် ရင်ဆိုင်ခဲ့သေး၏။ ဤတွင် တိုက်ပွဲသည် ပြင်းထန်လွန်းသဖြင့်၊ ဗိုလ်ချုပ်တိတုက ယုဒလူမျိုးများကို ငတ်မွတ်မှုဖြစ်စေမည့် အခြားနည်းလမ်းတစ်ခုကို ကြိုးစားရန် ဆုံးဖြတ်ခဲ့၏။

**လက်တွေ့ကျင့်သုံးရန်။** တရားဟောရာကျမ်း ၂၈း၁၅၊ ၄၅း ၄၉-၅၃ ၌၊ ဘုရားသခင်သည် ယုဒတိုင်းပြည်ကို သူတို့သည် သူ၏စကားတော်ကို နားမထောင်၊ နာမခံလျှင် နောက်ဆုံးတွင် သူတို့ထံ၌ အဘယ်သို့ ဖြစ်ပျက်မည်ကို ဘုရားသခင်က သတိပေးထားခဲ့သည်။ ၎င်းသည် ဖြစ်ပျက်ခဲ့သလား။ ဘုရားသခင်သည် သူ၏လူများကို အဘယ်သို့ ကောင်းချီးပေးစေလိုခဲ့သနည်း။ အငယ် ၁-၄။

## ကြာသပတေးနေ့ ၊ လုံးလုံးဖျက်ဆီးခံရခြင်း ၅

ရက်သတ္တပတ်များစွာ စစ်ပွဲနှင့် အငတ်ဘေးကြုံပြီးနောက် ယေရုရှလင်မြို့ရှိ ယုဒလူမျိုးများသည် ကြာကြာ မခံရပ်နိုင်ခဲ့ကြတော့ချေ။ လွတ်မြောက်ရန်ကြိုးစားနေသည့် ဖမ်းဆီးခြင်းခံခဲ့ရသောအကျဉ်းသားများက အစာခေါင်းပါးသည့်ကြားမှ ဗိမာန်တော်၌ ယဇ်ပူဇော်ခြင်းများ ဆက်လက်ပြုလုပ်နေကြောင်းကို တပ်ချုပ်တိတုအား ကြားပြောခဲ့၏။ နောက်ဆုံး၌ ယဇ်ပူဇော်ခြင်းကို တားဆီးခံရသောအခါ၊ ၎င်းသည် ယုဒလူမျိုးတို့၏ယုံကြည်မှုကို ကြီးမားသောထိုးနှက်ချက် ဖြစ်ခဲ့သည်။ လူအများတို့က ဘုရားသခင်သည် သူတို့ကို အသေအချာ ကယ်တင်လိမ့်မည်ဟု မိမိတို့ကိုယ်တိုင်ယုံကြည်ခဲ့ကြ၏။ ဘုရားသခင် ကယ်တင်လိမ့်မည်ဟု စိတ်ချနေခဲ့ကြ၏။ ထို့အပြင် သူတို့သည် သူ၏လူများ မဟုတ်ပေလော။

သို့သော် သူတို့သည် ဘုရားသခင်၏လူများ ဟုတ်ပါသလား။ ရှင်ယောဟန်ခရစ်ဝင် ၈း၃၉၊ ၄၄။ ဘုရားသခင်၏လူများသည် ယေရှု၏သွန်သင်ချက်ကို နားထောင်ခဲ့ကြပြီး စစ်ပွဲနှင့် ဝေးကွာသောနေရာဖြစ်သည့် ရှုရိပြည်သို့ ထွက်ပြေးခဲ့ကြ၏။

ယေရုရှလင်မြို့၏ကျိုးပဲ့သောမြို့ရိုးပတ်လည်ရှိ ကြောက်မက်ဖွယ်မြင်ကွင်းတစ်ခု ဖြစ်ခဲ့သည်။ ထောင်နှင့်ချီသောလက်ဝါးကပ်တိုင်များပေါ်တွင် ဖမ်းဆီးခံရမိသူများတို့၏အလောင်းများကို ချိတ်ထားလေ၏။ အတွင်းပိုင်း၌၊ ယုဒလူမျိုးများသည် ဗိမာန်တော် အပါအဝင်၊ မြို့၏အခန်းငယ်များထဲ စုရုံးခဲ့ကြ၏။ ခန့်မှန်းခြေအရ၊ ထိုအချိန်က ငတ်မွတ်ခေါင်းပါးခြင်းကြောင့် သေဆုံးသူပေါင်း ၁၂၀,၀၀၀ နီးပါးရှိခဲ့ပြီး၊ အနည်းငယ်သောသူများသာလျှင် ထိုအရာမှ သက်သာစေခဲ့၏။